**ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ကပ်ရောဂါအပေါ် တုံ့ပြန်မှုအတွက်**

**အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (AEGC)၏ ပူးတွဲကြေညာချက်**

(၂၀၂၀ ရက်နေ့၊ ဇွန်လ ၉ ရက်နေ့)

၁။ AEGC သည် COVID-19 ကပ်ရောဂါ၏ အာဆီယံနှင့် ကမ္ဘာ့စီးပွားရေးအပေါ် သိသာထင်ရှားစွာ ဆိုးကျိုးသက်ရောက်မှုကို သိရှိနားလည်ပြီး ဤကပ်ရောဂါသည် စီးပွားရေးကဏ္ဍအားလုံးကို ဆိုးရွားစွာအကျိုးသက်ရောက်မှုမရှိခဲ့လျှင်သော်မှ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်း၊ ရှယ်ယာရှင်များ၏ အစုရှယ်ယာတန်ဖိုးနှင့် ကုန်ထုတ်စွမ်းအားများဆုံးရှုံးခြင်း၊ ထုတ်လုပ်မှုကွင်းဆက်များပြတ်တောက်ခြင်း၊ စားသုံးသူများ၏ ယုံကြည်မှုလျော့နည်းလာခြင်း၊ အလုပ်လက်မဲ့ပြဿနာများ၊ စီးပွားရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးဆိုင်ရာဖိအားများနှင့် အခြားအရာများစွာကို ဖြစ်ပေါ်စေခဲ့ကြောင်း လက်ခံခဲ့ပါသည်။

၂။ AEGC သည် ၂၀၁၉ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့ပွားမှုအပေါ် အာဆီယံ၏ တုံ့ပြန်မှု (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့) နှင့် COVID-19 နှင့် ပတ်သက်ပြီး အာဆီယံ အထူးထိပ်သီးအစည်းအဝေးမှ ကြေညာချက်တို့အပေါ် ဥက္ကဋ္ဌ၏ထုတ်ပြန်ချက်ကို ပြန်လည် အသိပေးခဲ့ပြီး စည်းလုံးညီညွတ်၍ အပြုသဘောဆောင်သည့် အာဆီယံ၏စိတ်ဓာတ်ဆက်လက်ပေါင်းစည်းနေစေရန်၊ ပြည်သူလူထု၏ စားဝတ်နေရေးနှင့် စီးပွားရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချဖယ်ရှားပေးရန်အတွက် အတူပူးပေါင်း၍ ပြတ်ပြတ်သားသားဆောင်ရွက်သွားကြရန်နှင့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကတိကဝတ်ပြုမှုတို့ကို ထပ်မံအတည်ပြုခဲ့ပါသည်။

၃။ ကမ္ဘာ့ကပ်ရောဂါကြောင့် စိန်ခေါ်မှုများစွာရှိနေခဲ့သော်လည်း ယှဉ်ပြိုင်မှုဥပဒေသည် စီးပွားရေးတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေဆဲပင်ဖြစ်ပါသည်။ တရားမျှတသော ယှဉ်ပြိုင်မှုသည် စီးပွားရေးလုပ်ငန်းတစ်ခုတွင် စီးပွားရေးအကျိုးသက်ရောက်မှုများကို ထိရောက်စွာ တိုးမြှင့်စေပြီး ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးတိုးတက်မှုများကို လှုံ့ဆော်ပေးနိုင်ကာ စားသုံးသူသက်သာချောင်ချိရေးကို တိုးမြှင့်စေပါသည်။

၄။ အာဆီယံနိုင်ငံများအတွင်းရှိ အမျိုးသားယှဉ်ပြိုင်မှုအာဏာပိုင်များအနေဖြင့် ဤကူးစက်ကပ်ရောဂါကို တုံ့ပြန်သည့်အစီအမံများကို ဆောင်ရွက်ခဲ့ပြီး ဈေးကွက်ပျက်ယွင်းမှုများကို ရှောင်ရှားရန်နှင့် တန်းတူညီမျှယှဉ်ပြိုင်နိုင်ရန်အတွက် အစိုးရကဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်နိုင်ရန် အကူအညီပေးခဲ့ပါသည်။

၅။ စီးပွားရေးကဏ္ဍအားလုံးအား လက်ရှိစီးပွားရေးကျဆင်းမှုများ ရှိနေသော်လည်း ယှဉ်ပြိုင်မှုဥပဒေကို ဆက်လက်လေးစားလိုက်နာကြရန် AEGC က တိုက်တွန်းလိုက်ပါသည်။

၆။ စီးပွားရေးမရေရာမှုများကို လျှော့ချရန်အတွက် AEGC သည် ဒေသတွင်းတွင် လုပ်ငန်းဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများအား နားလည်မှုပိုမိုရရှိစေရန်အတွက် မေးမြန်းစုံစမ်းလိုသည်များ သို့မဟုတ် လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များအတွက် သတိပေးချက်များအား ယှဉ်ပြိုင်မှုအာဏာပိုင်များသို့ တင်သွင်းရန်နှင့် ၎င်းတို့၏ဆောင်ရွက်ချက်များသည် မည်သည့် ယှဉ်ပြိုင်မှုဥပဒေကိုမှ ချိုးဖောက်ခြင်းမရှိကြောင်း သေချာစေရန်အတွက် ၎င်းတို့၏ သက်ဆိုင်ရာ အမျိုးသားယှဉ်ပြိုင်မှုအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် တိုက်တွန်းအားပေးလိုက်ပါသည်။

၇။ လက်ရှိကူးစက်ကပ်ရောဂါကာလ အကျပ်အတည်းကို အခွင့်ကောင်းယူပြီး ၎င်းတို့၏ ဈေးကွက်လွှမ်းမိုးမှုများကို အလွဲသုံးစားပြု၍ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုတွင် ပါဝင်သည့် မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို AEGC သည် အာဆီယံတစ်နိုင်ငံချင်းစီ၏ အမျိုးသား ယှဉ်ပြိုင်မှုအာဏာပိုင်များမှတစ်ဆင့် အရေးယူဆောင်ရွက်ရန်အတွက် တွန့်ဆုတ်နေလိမ့်မည် မဟုတ်ပါ။

၈။ AEGC သည် အာဆီယံယှဉ်ပြိုင်မှုအာဏာပိုင်များအကြား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖလှယ်နိုင်စေရန်နှင့် ကူးစက်ရောဂါပျံ့နှံ့နေစဉ်ကာလအတွင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်ဆောင်ရွက်ချက်များအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ အကြား အကောင်းဆုံးလက်တွေ့ဆောင်ရွက်ချက်များ မျှဝေခြင်းတို့ဖြင့် အာဆီယံယှဉ်ပြိုင်မှု အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၉။ AEGC သည် ယှဉ်ပြိုင်မှုရှိသောနယ်ပယ်ဒေသတစ်ခုကို ထိန်းသိမ်းသွားရန်အတွက် ကူးစက်ကပ်ရောဂါဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင် ဒေသတွင်းမှမဟုတ်သော ယှဉ်ပြိုင်မှုအာဏာပိုင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်အတူ ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။